# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာ — ဆောင်းပါး — စာ ၁၀

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ လူမှုကွန်ရက်မီဒီယာ X အသုံးပြုမှုရပ်နားမည် — နိုင်ငံတကာသတင်း — စာ ၁၄




# MSME ထုတ်ကုန်များ ဆန်းသစ်တီထွင် နိုင်ငံတကာဈေးကွက်ဝင်ရေး ကြိုးပမ်း

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ အောင်မြင်စေရန်၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရန်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ MSME လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်ဟူသော ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားရန် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။ အဆိုပါပြပွဲနှင့် ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်ရှိသော MSME လုပ်ငန်းများက လာရောက်ယှဉ်ပြိုင်ပြသရောင်းချခြင်းအားဖြင့် MSME များ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်၊ ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန် အစရှိသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာတွင် MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ စားသုံးသူများ၏ စားပွဲပေါ်သို့ရောက်ရှိသည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်တွင် MSME လုပ်ငန်းများ ကဏ္ဍအလိုက် ပါဝင်နေပြီး စိုက်ပျိုးမွေးမြူသမားများ၊ ကုန်စည်ဒိုင်များ၊ သယ်ယူပို့ဆောင်သူများ၊ လက်လီလက်ကားရောင်းချသူများ၊ တစ်ပိုင်းကုန်ချောထုတ်လုပ်သူများ၊ တန်ဖိုးမြှင့်ထုတ်လုပ်သူများ စသည်တို့က ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ရာ လုပ်ငန်းများလည်ပတ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်နေခြင်း၊ ပြည်တွင်းလည်ပတ်စုစည်းမှုကို စဉ်ဆက်မပြတ် ဖြစ်ပေါ်နေစေခြင်းတို့ကြောင့် နိုင်ငံ၏ဂျီဒီပီ တိုးတက်စေရန်လည်း အဓိကအထောက်အကူဖြစ်စေသည်။

လွန်ခဲ့သည့် ဆယ်နှစ်နီးပါးခန့်က ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံရှိ MSME လုပ်ငန်းများမှာ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းငယ်များက အများစုဖြစ်ကြောင်း၊ ထုတ်လုပ်မှုပိုင်းတွင် ပြည်ပမှ စက်ပစ္စည်းနှင့် နည်းပညာတင်သွင်းသုံးစွဲနိုင်မှု အနည်းငယ်သာရှိပြီး အများစုမှာ လက်ဖြစ်လုပ်ငန်းသုံးကိရိယာများ၊ စက်အိုစက်ဟောင်းများနှင့် တစ်ပတ်ရစ် စက်ယန္တရားများကိုသာ အသုံးပြုနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လုပ်ငန်းကြီးအချို့မှလွဲလျှင် ကျန်လုပ်ငန်းများမှာ နိုင်ငံတကာစံချိန်မီထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် နိုင်ငံတကာဈေးကွက်သို့လည်း လက်လှမ်းမမီနိုင်ကြကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်တွင်း၌ ကုန်ကြမ်းသေချာစွာရရှိနိုင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် နိုင်ငံတော်အကြီးအကဲက အကြံပြုလမ်းညွှန်ထားသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသူများဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဆန်၊ ဂျုံ၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ စက်မှုသီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပန်းမန်များ၊ ဆေးဖက်ဝင်ပရဆေးပင်များ စိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ သား၊ ငါး၊ ပုစွန်၊ ကြက်ဥ၊ ဘဲဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ မွေးမြူထုတ်လုပ်လျက်ရှိသည်။

အထက်ပါ ကုန်ကြမ်းများကိုအခြေခံ၍ စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက်ကိုအခြေခံ၍ ပြည်ပဈေးကွက်များအထိ တင်ပို့နိုင်ရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆန်းသစ်တီထွင်ကြရန်လိုသည်။ မိမိတို့နိုင်ငံ၏ ဈေးကွက်အတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှထုတ်လုပ်သော စားသောက်ကုန်များ ဝင်ရောက်ရောင်းချနေကြရာတွင် အဓိကကုန်ကြမ်းများမှာ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နေသော၊ ထုတ်လုပ်နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ကုန်ပစ္စည်းအရည်အသွေး၊ အနံ့အရသာ၊ အရောင်အဆင်း၊ ထုပ်ပိုးမှုတို့တွင်မူ စံနမူနာယူဖွယ်ရာများဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်သည်။ MSME လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် အားပေးမြှင့်တင်မှု၊ ပံ့ပိုးကူညီမှုတို့လိုအပ်သကဲ့သို့ MSME လုပ်ငန်းရှင်များကိုယ်တိုင်ကလည်း စိတ်အားထက်သန် ဆန်းသစ်တီထွင်မှု အားမာန်အပြည့်ဖြင့် အားထုတ်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးထက်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၃) |
| (ခ) | ဦးကျော်စိုးမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာ<br>ဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးသက်ထွန်း<br>ဒုတိယဦးဆောင်<br>ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝ<br>ဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝ<br>ဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ဦးမျိုးကျော်သူ<br>ကာကွယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာ<br>ဝန်ကြီးဌာန |

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

မြန်မာ့အလင်း

| | | | |
| --- | --- | --- | --- |
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် နိုင်ငံတော်၏ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက် (၉) ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင်မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို**

နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG +9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry) ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက် ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှုအတတ်ပညာရပ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အတတ်ပညာများကို တတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

**❖ မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန်လို၊ ၎င်းအတွက် လူသားအရင်းအမြစ်များလိုအပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လို၊ ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန် လိုအပ်သော မြန်မာ့ယဉ်ကျေးမှုအတတ်ပညာရပ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်**

**❖ ထို့ကြောင့် နိုင်ငံအတွက်အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

**▲ ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လို**

**ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို**

ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပမိရပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ၊ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကို ကာကွယ်လိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊

*စာမျက်နှာ ၄ သို့*

**❒ မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်**

**❒ MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့် ပြည်တွင်းလုပ်သားများရှားပါးလာကြောင်း၊ အလားတူရွေးကောက်ပွဲကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီ လွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

**ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများကို အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် ဈေးကွက်ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်**

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက်ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့် ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန်ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း **MSME ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်**ကြောင်း၊ ဒေသတွင်းနေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဆိုပါက အသားငါးများ ဈေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များမရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်မှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့် နိုင်ငံ၏အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုပြီး ရည်မှန်းချက်များကို ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ဧကလျာထားမှုနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုးချဲ့စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေများ၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ပိုမိုလွှမ်းခြုံနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အသားငါးကဏ္ဍဖူလုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ စက်မှုဇုန်များ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားမှုများ၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကောက်ခံရရှိမှုအခြေအနေများ၊ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားငွေရရှိမှုအခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှုအခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် သုံးစွဲမှုအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကဏ္ဍအလိုက်ချေးငွေများ ထုတ်ချေးပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်း အောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ်ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများ အလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီးကြီးမားစွာဆောင်ရွက်ရန်မလိုသည့် စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့် ကျွတ်များ အများအပြား ထုတ်လုပ်နိုင်ရေးအားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင်ပါဝင်သည့် **အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းများကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းအောင် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များမရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လို၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်မှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လို**

❂ *ကျောဖုံးမှ*

**MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် ရည်ရွယ်ကျင်းပ**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို MSME များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက် / အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခု ထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်း ဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန် ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန် အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန် အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများ သိရှိခြင်းမှ တစ်ဆင့် အကျိုးရလဒ် ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့်ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှ တစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလို ချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့် အလမ်းများရရှိစေရန် ကျင်းပခြင်းလည်း ဖြစ်ကြောင်း။

**❑ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန် အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများ သိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့်ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှ တစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလို ချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများရရှိစေရန် ကျင်းပခြင်းလည်းဖြစ်**

**Online Marketing နှင့် Online Payment စနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မည်**

MSME ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတို့တွင် Customer Behavior Changes ၊ Technology ၊ Information၊ Investment ၊ Market Trend များ ပြောင်းလဲလာမှုကိုလည်း သိရှိနားလည်နိုင်ရန် ဆွေးနွေးပွဲများ ထည့်သွင်းပေးခြင်း၊ Digital စနစ်ကူးပြောင်းနေမှု၊ Online Banking စနစ်ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်းဝယ်ယူ/ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင် ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက် ပြည်သူများ၏ နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကို သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

**သတင်းအချက်အလက်နှင့် နည်းပညာများကို လုပ်ငန်းရှင်များသိရှိနိုင်အောင် ဆောင်ရွက်ပေးရမည်**

ထို့အပြင် MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့်အဆင့်မြင့် ထုတ်ကုန်ပစ္စည်းအမယ်သစ်များ ထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီ ကုန်ပစ္စည်းများကို ပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင် တင်ပို့မည့် နိုင်ငံများ၏ ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှု စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိ ထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Administration of Customs of the People's Republic of China(GACC) ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များသိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် MSME ပြပွဲ၊ ပြိုင်ပွဲသည် လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ဆုချီးမြှင့်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်များတွင် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့်ပြခန်းများ တည်ဆောက်ရေး ဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေး ဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကား ပြောကြား**

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်တောင်ဘက်တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး / ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဟင်္သာတမြို့နယ်၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး



**ဟင်္သာတ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပဆင-ရုံးတောစု-ဆင်မသေ-ဆင်မသေ(မ) - နင်းဂျမ်းဦးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ဆဲအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဟင်္သာတခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် ဟင်္သာတမြို့နယ် ဦးစီးအရာရှိ (မြို့ပြ) တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ခန္တီးမြို့ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

လဟယ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့အတူ လဟယ်မြို့နှစ်ခြင်း ခရစ်ယာန်အသင်းသို့ သွားရောက်ခဲ့ပြီး သိက္ခာတော်ရဆရာတော်ဦးအထွန်းနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နာဂယဉ်ကျေးမှုပြတိုက်ခန်းမ၌ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။




အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။



ဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ကော်မတီများက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးစေလိုမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဒေသအဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲတက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ခန္တီးမြို့သို့ရောက်ရှိကြပြီး ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံရာ ခန္တီးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာအခြေအနေများကိုရှင်းလင်းတင်ပြ၍ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။(**အပေါ်ပုံ**)

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ နယ်မြေခံတပ်နယ်ခန်းမသို့ သွားရောက်၍ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူကြပြီး(**အပေါ်ဝဲပုံ**) ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သထုံ ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ သထုံမြို့ သုဝဏ္ဏာဈေး၌ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲညွန့်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဇော်နှင့် တာဝန်ရှိသူများက မီးလောင်မှု ဖြစ်ပွားရာတွင် ကနဦးဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများ၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပြီး ရှာဖွေကယ်ဆယ်ခြင်းတို့ကို ဈေးသူဈေးသားများ၊ သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် သရုပ်ပြသဆောင်ရွက်သည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ တာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကြံခင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ကြံခင်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် Phyo Thin Kyaw Co.Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တံတားဦးကွန်ကရစ်တံတား ပေ ၁၀၀ ပထမပိုင်းတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုကို လည်းကောင်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းဖြင့် Dwelling Place Co.Ltd မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ပုသိမ် - မုံရွာ - ဝန်ထောက်ကွင်း-ပင်ကတိုင်း - ဝွေးချို - သာပေါင်း လမ်း (၀/၃ ဒသမ ၄၅) မိုင်ကျောက်ချောလမ်း ခင်းခြင်း ဆောင်ရွက်နေမှုနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် ဝွေးချို(၁၆၄')တံတားအား ကျေးရွာမှ ယာယီတံတားဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုသိန်းဇော်လင်းတို့မှ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေး

## စက်ရုံတည်ဆောက်ရာတွင် အင်ဂျင်နီယာကောင်စီမှလည်း နည်းပညာဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ပေးကြရမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် ဖွဲနုဆီများ စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ကျင့်စဉ်များ (Code of Practice for Construction and Operation of Rice Bran Oil Mill) နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။





အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ အစားအသောက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်းတို့မှ တာဝန်ရှိသူများ၊ ဖွဲနုဆီစက်များ တည်ထောင် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဖွဲနုဆီစက်များသည် ယခင်က ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တည်ရှိခဲ့ပြီး နိုင်ငံပိုင်စက်ရုံများဖြစ်သောကြောင့် စက်မှုမှတ်ပုံတင်ပြုလုပ်ရန် မလိုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်ထားသောအင်ဂျင်နီယာများဖြင့် ကြီးကြပ်လည်ပတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစက်ရုံများကို စက်မှုဝန်ကြီးဌာနအနေဖြင့် ဘွိုင်လာစစ်ဆေးခြင်း၊ လျှပ်စစ်စစ်ဆေးခြင်းများသာ ဆောင်ရွက်ခဲ့ကြောင်း။

ဖွဲနုဆီထုတ်လုပ်မှု နည်းစဉ်အရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများ သုံးစွဲရခြင်းကြောင့် မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာ လည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်များနှင့် ဆီသန့်စက်ရုံများအား တတ်သိနားလည်ကျွမ်းကျင်သူများဖြင့် တည်ဆောက်ကြရန် လိုအပ်ကြောင်း၊ စက်ရုံတည်ဆောက်ရာတွင် အင်ဂျင်နီယာကောင်စီမှလည်း နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးကြရ မည်ဖြစ်ကြောင်း၊ သို့မှသာ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများလုံခြုံဘေးကင်းရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု ရေရှည်တိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ အသစ်တည်ဆောက်မည့် ဖွဲနုဆီစက်၊ စားသုံးဆီသန့်စင်စက်ရုံများနှင့်ပတ်သက်၍ စီမံကိန်း အတည်ပြုချက်ရရှိရန် တင်ပြသည့်အခါ ဆက်စပ်ဘာသာရပ်ဖြစ်သည့် ဓာတုအင်ဂျင်နီယာများမှ အတည်ပြုပေးရ မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် စိစစ်သည့်အခါ အချိန်တိုတိုအတွင်းဆောင်ရွက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ သတ်မှတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကနှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့မှ ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ ရေးဆွဲရေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံတွင် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များ သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် ရေးဆွဲထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဖွဲနုဆီစက် တည်ဆောက်လည်ပတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကျင့်စဉ်များတွင် ပါဝင်သင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လွှဲပြောင်းလက်ခံ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်)အဆောက်အအုံ (Steel Structure Skeleton Building) ကို တည်ဆောက်ခဲ့သော iGreen Construction Co., Ltd ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လွှဲပြောင်းလက်ခံယူသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာအနုပညာဗဟိုဌာန (Myanmar Art Center–Yangon) အဆောက်အအုံ Steel Structure Skeleton Building လက်ခံရေးအဖွဲ့ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ iGreen Construction Co.,Ltd ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ မြန်မာအနုပညာ ဗဟိုဌာန အဆောက်အအုံလက်ခံရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုအခါ Steel Structure Skeleton Building သာ ပြီးစီးခဲ့သည့် မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်)အဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်မည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေ အနုပညာရပ်များအတွက် အဖိုးမဖြတ်နိုင်သည့် နိုင်ငံတကာ အဆင့်မီအနုပညာ ဗဟိုဌာန ပေါ်ထွန်းနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်) အဆောက်အအုံနှင့် စပ်လျဉ်း၍လည်းကောင်း၊ iGreen Construction Co.,Ltd ဒါရိုက်တာက အဆောက်အအုံလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာအနုပညာဗဟိုဌာန အဆောက်အအုံ (Steel Structure Skeleton Building) ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက လွှဲပြောင်းလက်ခံသည့် မှတ်တမ်းစာအုပ်တွင် တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေစသည့် အနုပညာဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ မြေဧရိယာ ၈ ဒသမ ၄၁ ဧကပေါ်တွင် iGreen Construction Co., Ltd က ၂၀၁၆ ခုနှစ် မတ် ၂၈ ရက်တွင် စာချုပ်ချုပ်ဆို၍ စတင်တည်ဆောက်ခဲ့ရာ သဘောတူစာချုပ်နှင့်အညီ ရေးဆွဲထားသည့် အဆောက်အအုံဒီဇိုင်းအတိုင်းသံမဏိဖြင့် ဖွဲ့စည်းတည်ဆောက်သော အဆောက်အအုံ (Steel Structure Skeleton Building) ကို ၂၀၁၈ ခုနှစ် မတ်လတွင် ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်



**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆန်းဝင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ် ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိနိုင်ရေးအတွက် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ယာဉ်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရမည့် ဆောင်ရန်ရှောင်ရန်များကို လိုက်လံအသိပေး၊ သတိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

◆*ကျောဖုံးမှ*

စည်သူအောင်သည် ၂၀၁၉ ခုနှစ်တွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ကစားခဲ့ပြီး ထိုင်းကလပ်များဖြစ်သည့် ချောင်ဘူရီအသင်း၊ အယုဒ္ဓယယူနိုက်တက်၊ ချိုင်းနတ်ယူနိုက်တက်နှင့် ဆာမတ်ပရာခန်အသင်းတွင် ကစားခဲ့ကာ ယခုနှစ်တွင် Police Tero အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ စည်သူအောင်သည် မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ရန်ကုန်ယူနိုက်တက်၊ ရတနာပုံ၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းများတွင် ကစားခဲ့ဖူးသူဖြစ်ပြီး ရန်ကုန်၊ ရတနာပုံ၊ ရှမ်းယူနိုက်တက် သုံးသင်းစလုံးနှင့် ချန်ပီယံဆုရယူနိုင်သည့် တစ်ဦးတည်းသောကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ Police Tero အသင်းသည် ၂၀၁၈၊ ၂၀၁၉ ရာသီက မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူကို ခေါ်ယူခဲ့ဖူးသည်။

**ရဲရင့်လွင်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၇**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက နိုင်ငံသားအချင်းချင်းအကြား တရားမျှတမှုရှိစေရန်နှင့် နိုင်ငံသားနှင့်အစိုးရအကြား တရားမျှတမှုရှိစေရန် ရည်ရွယ်၍ ဥပဒေများကို ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း၊ ဥပဒေမရှိလျှင် မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာမည်ဖြစ်၍ ဥပဒေစိုးမိုးရန်လိုအပ်ပြီး ဥပဒေစိုးမိုးရေးကို တာဝန်ယူဆောင်ရွက်ရသည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ဥပဒေဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ ဥပဒေကိုပြည်သူအားလုံးသိရှိပြီး လိုက်နာစေရန်ဖြစ်ကြောင်း၊ ဥပဒေတွင် တိုက်တွန်းဥပဒေနှင့် တားမြစ်ဥပဒေ နှစ်မျိုးသာရှိကြောင်း၊ ဝန်ထမ်းတိုင်းသည် မိမိဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆက်စပ်ဥပဒေများကို သိရှိနားလည်ရန်လိုသည့်အတွက် ဥပဒေပြန့်ပွားရေးသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

ကော်မရှင်သည် ဥပဒေအရ အာဏာအပ်နှင်းခံရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားလိုက်သည့် ဘာသာရပ်များကို ဆင့်ပွားလေ့လာရန်နှင့် ဆင့်ပွားအသိပညာပေးရန်လိုကြောင်း၊ ဝန်ထမ်းတိုင်း ထူးချွန်ထက်မြက်ပြီး လူကောင်းဖြစ်ရန်လိုကြောင်း၊ ကော်မရှင်သည် ဖြောင့်မတ်တည်ကြည်မှုမရှိသည့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူရသည့်ဌာနဖြစ်၍ ကိုယ်တိုင်ဖြောင့်မတ်တည်ကြည်မှုရှိရန် လိုက်နာဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား ၃၀ ကိုယ်စား သင်တန်းသား တစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း စိုက်၊ မွေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းစစ်ဆေး
# နဝမအကြိမ်မြောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများ စိုက်ပျိုးရေးဒီပလိုမာအပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးမှူးများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။




ဆက်လက်၍ တဘူးလှဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီး ပေတိုင်(၁၀၁+၀၀၀) သို့ရောက်ရှိပြီး ရေသောက်ဧရိယာအတွင်းရှိ ကုန်းမြင့်ဧရိယာများတွင် ဆိုလာစနစ်ဖြင့်လည်းကောင်း၊ အလိုအလျောက်ရေတင်စနစ် (Water Turbine Pump) တပ်ဆင် အသုံးပြုခြင်းဖြင့်လည်းကောင်း ရေရရှိနိုင်ရေးနည်းလမ်းပေါင်းစုံဖြင့် ကြံဆစီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ)၌ ကျင်းပသည့် နဝမအကြိမ်မြောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ၊ ထားဝယ်နှင့် ကျောက်တော်)တို့မှ တတိယနှစ်သင်တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၇ ဦးတို့ကို စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ တန်းစဉ်အလိုက် စုစုပေါင်းရမှတ် အများဆုံးဆုရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့ကျင့် ဆောင်ရွက်ထားသည့် သီးနှံစိုက်ခင်းများ၊ သုတေသနစိုက်ခင်းများကို ကြည့်ရှုအားပေးကာ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာယာဝတီမြို့နယ် ဆရာစံမြို့သစ် အလယ်ကုန်းရပ်ကွက်ရှိ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးပြီး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် မင်းလှမြို့နယ် ဥတိုကညင်ပင်ကျေးရွာ ကံတင်ဘီးလင်း ဆည်ရေသောက်စနစ်အတွင်း၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ဆောင်းပဲတီစိမ်းဧက ၅၀ စံပြကွက် ရွက်ဖျန်းမြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ဆီထွက်သီးနှံနေကြာကို စမ်းသပ်စိုက်ပျိုးကြရန်နှင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် သီးနှံပုံစံပြောင်းလဲ၍ စိုက်ပျိုးသွားကြရန် ဆွေးနွေးမှာကြားပြီး ဆောင်းသီးနှံပဲတီစိမ်းစံပြကွက် စိုက်ပျိုးသည့် တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ
# နေပြည်တော် - တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၇**
ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်လျက်ရှိသော လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား သင်တန်းသူ ၂၅ ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အဦရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် "နုပျိုဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV " Video Clip အားပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် MRTV News Channel Studio သတင်းထုတ်လွှင့်ရေး ရိုက်ကူးရေးဆောင်ရွက်မှုနှင့် မြန်မာ့အသံ (ရေဒီယို) အသံသွင်းခန်းတွင် Radio App အတွက် ရိုက်ကူးရေးဆောင်ရွက်မှုတို့ကို ကြည့်ရှုလေ့လာကြသည်။



ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀တွင် ခင်းကျင်းပြသထားမှုများကို လေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ **သတင်းစဉ်**

# တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**
မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)က ကျင်းပမည့် တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများတွင် ခြောက်ချီနှစ်ပွဲ၊ လေးချီရှစ်ပွဲ စုစုပေါင်းတွဲဆိုင်း ၁၀ ဆိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြောက်ချီပြိုင်ပွဲများကို စူပါဖယ်သာဝိတ် ၅၈ ဒသမ ၉ ကီလိုတန်းတွင် နိုင်လတ်နှင့် ကျော်စွာမိုး၊ ဖယ်သာဝိတ် ၅၇ ဒသမ ၁၅ ကီလိုတန်းတွင် ဂင့်ရှန်းမွှောင်နှင့် ယိန်းဇုံး၊ လေးချီပြိုင်ပွဲ ဖလိုင်းဝိတ် ၅၀ ဒသမ ၈ကီလိုတန်းပြိုင်ပွဲများတွင် ဗန်လုနှင့် ရဲမိုးအောင်၊ ရဲမင်းအောင်နှင့် ဟိန်းသူညီညီ၊ အောင်သူထွန်းနှင့် ဖြိုးသူမောင်၊ စူပါဖယ်သာ ၅၈ ဒသမ ၉ ကီလိုတန်းများတွင်ထက်ဝင်းကျော်နှင့် ကျော်သူရ၊ မျိုးခန့်ကျော်နှင့် အောင်မြင့်ဦး၊ ဖယ်သာဝိတ် ၅၇ ဒသမ ၁၅ ကီလိုတန်းများတွင် ကောင်းမြတ်ထွန်းနှင့် ဇိုင်းဒန့်အောင်၊ ကျော်ခန့်ဝင်းနှင့်ဟိန်းတေဇ၊ စူပါဝိတ် ၅၅ ဒသမ ၃၄ ကီလိုတန်းတွင်ဟိန်းမင်းနိုင်နှင့် အောင်ကောင်းမြတ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ပြီး ရုံဝင်ကြေး ငွေကျပ်ငါးထောင်နှင့် ငွေကျပ်တစ်သောင်းငါးထောင်သတ်မှတ်ထားသည်။ မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC) အနေဖြင့် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း PBM1 နှင့် PBM2 ပွဲစဉ်များကို ကျင်းပခဲ့ပြီး အလားအလာကောင်းမွန်သော ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပန်းတောင်း ဇန်နဝါရီ ၁၇

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးများ၊ ပန်းတောင်းတပ်နယ်မှူးနှင့်အတူ ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်ရေဖြင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးထားသည့် သူရဲတန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ယာပုံ) ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကြိုတင်ပျိုးထောင်စနစ်ဖြင့် တစ်နှစ် နွေစပါးနှစ်သီး စိုက်ပျိုးနိုင်ရေး အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာအုပ်စု၌ ပုသိမ်- မုံရွာကားလမ်းမှ ကျားတိုက် – သူရဲတန်းလမ်း အရှည် တစ်မိုင် ကွန်ကရစ်လမ်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးသားများ အမာခံရရှိအောင် ဆောင်ရွက်ရန်၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပြီး စားသုံး၍ရသည့် သီးပင်စားပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတောင်းမြို့နယ် ကျားတိုက်ကျေးရွာသို့ ရောက်ရှိခဲ့ရာ စိုက်ပျိုးရေးတာဝန်ရှိသူတစ်ဦးက ပဲကြီးကျေးရွာအုပ်စု၊ သူရဲတန်းကျေးရွာအုပ်စုနှင့် ထိပ်ပေါက်ကျေးရွာအုပ်စုတို့၌ မြေပဲစံပြစိုက်ခင်း ၃၄၉ ဒသမ ၅၅ ဧက စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မြေပဲစိုက်ပျိုးပြီးပါက ပေါင်ကြီးတင်စနစ်ဖြင့် ဆီထွက်သီးနှံ နှမ်း ထပ်မံစိုက်ပျိုးနိုင်ရေးနှင့် ကျားတိုက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲကြီးကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဇီးကုန်းချောင်းတူးဖော်ပေးခြင်းနှင့်အတူ နှစ်ပေါင်း ၄၀ ကျော် စိုက်ပျိုးမရခဲ့သည့် မြေရိုင်းဧက ၇၀ ဖော်ထုတ်ရှင်းလင်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးကိုသာ သက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ်ဆောင်ရွက်နေရသည့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ စတင်နိုင်ရေး မြေယာဖော်ထုတ်ခြင်းလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားရန်နှင့် ဒေသခံတောင်သူများအနေဖြင့်လည်း မိမိတို့၏ ဖော်ထုတ်ရရှိသည့် မြေယာများကို မြေလပ်မရှိ စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပြည်မြို့ MSMEs ဒေသထွက်ကုန်များ အရောင်းစင်တာသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသအလိုက် ဒေသထွက်ကုန်များ မူရင်းဈေးအတိုင်း အမယ်စုံရောင်းချသွားနိုင်ရေး မှာကြားသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေပိုင်း၌ အများပြည်သူ အပန်းဖြေနေရာအဖြစ် တည်ဆောက်ထားသည့် ပြည်မြို့ ကမ်းနားလမ်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအားယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄) သို့ တက်ရောက်ရန် မော်လမြိုင်မြို့နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြစ်သားမြို့ မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြစ်သား ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က ဈေးမီးဘေးလုံခြုံရေး လှည့်လည်စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက ပူးပေါင်းသရုပ်ပြ ပြုလုပ်ကြသည်။

**မောင်ကျော်ကြီး**



# အင်းစိန်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလှည့်လည်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းကို ဇန်နဝါရီ ၁၆ ရက်က အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်လေးဦး၊အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် တာဝန်ရှိသူများကအင်းစိန်မြို့နယ်အတွင်းသို့ လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆာမူအလ်၊ ဒုတိယဦးစီးမှူး ဦးအောင်ကိုနိုင်နှင့် ဒေါ်ခင်လေးသိမ့်တို့က မြို့နယ်တွင်း မီးဘေးလုံခြုံစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဇန်နဝါရီ ၁၇ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်စဉ်။

သန်းသန်း(ရေဦး)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာ

**မိမိနားခိုမှေးစက်ရာ အိပ်ခန်းမှအစပြု၍ မိမိအိမ်ခြံဝင်း သန့်ရှင်းသာယာလှပရေးအတွက် ကြိုးစားဆောင်ရွက်ရမည်မှာ မိမိ၏တာဝန်ပင်ဖြစ်သည်။ ထို့အတူပင် မိမိမွေးဖွားရာဇာတိချက်ကြွေ မွေးရပ်မြေကအစပြု၍ မိမိနိုင်ငံ အစဉ်သဖြင့် ထာဝရသာယာလှပစေရေး ကြိုးစားဆောင်ရွက်ပေးကြရမည်မှာလည်း မိမိတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုးစားရာတွင် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အကျည်းတန်အရုပ်ဆိုးစေကာ အမျိုးမျိုးသော ဆိုးကျိုးများကိုသာဖြစ်ပေါ်စေသည့်အရာများကို ပြုလုပ်ခြင်းမှရှောင်ကြဉ်ရမည်ဖြစ်သကဲ့သို့ ပြုလုပ်သူများကိုလည်း ရှာဖွေဖော်ထုတ် ရှင်းလင်းနိုင်ရေး ကြိုးစားသင့်ပေသည်။**

**လင်းလက်နေခြည်**

ပန်းရောင်စုံများ ဖူးပွင့်ကာ သာယာလှပနေသည့် ဥယျာဉ်ကြီးအတွင်း လှပဝေဆာစွာ ပွင့်ဖူးနေသော ပန်းကလေးများကို ညှိုးနွမ်းကြွေကျ မြေခမသွားစေရေးအတွက် ပိုးမွှားများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်သကဲ့သို့ လူမှုပတ်ဝန်းကျင်အတွင်း၌လည်း အတွင်းလှိုက်စား၍ ခြများအသွင်ဖြင့် တွေ့ထိသမျှသောအရာများကို ပျက်စီးယိုယွင်းသွားအောင် စွမ်းဆောင်တတ်သည့် ကိုယ်ကျင့်တရားပျက်ယွင်းမှုဖြစ်စေသော အဂတိလိုက်စားမှုများကို တားဆီးကာကွယ် တိုက်ဖျက်သွားကြရန်လိုသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟု ဆိုလိုက်လျှင် တာဝန်ယူဆောင်ရွက်ရသော အစိုးရဌာနအဖွဲ့အစည်း၏ တာဝန်ဟုသာ မှတ်ထင်ရန်မသင့်ပေ။ မိမိတို့ ပြည်သူများကိုယ်တိုင်ကလည်း ကိုယ်ကျင့်တရားပျက်ယွင်းသည့် အပြုအမူများကို ရှောင်ရှားကာ အဂတိလိုက်စားမှုများကို ကျရာနေရာမှ တွန်းလှန်တိုက်ဖျက်နိုင်ရေး နည်းလမ်းရှာဆောင်ရွက်သင့်သည်။

### ကိုယ်တိုင်နားလည်ထားရန်လို

အဂတိလိုက်စားမှုဆိုသည့် အဓိပ္ပာယ်ကို ဥပဒေနှင့်အညီ သိသင့်သိထိုက်သလောက် သိရှိထားပြီး မိမိရှေ့တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်တစ်ခုသည် အဂတိလိုက်စားမှု ဟုတ်၊ မဟုတ် ဆိုသည်ကို ကိုယ်ပိုင်အသိဖြင့် ပိုင်းခြားသိမြင်နိုင်ရေးအတွက် မိမိနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအကြောင်းကို သိရှိထားရန် လိုသည်။ အဂတိလိုက်စားမှုများကို ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တွင်လည်း သတင်းပေးဖော်ထုတ် တိုင်ကြားနိုင်ရေးအတွက် သတင်းပေးပို့ တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့် တိုင်ကြားရာတွင် မည်သည့်အချက်များ ပါဝင်ရမည်ဆိုသည့် အချက်များကိုလည်း ဂဃနဏ သိရှိထားရန်လိုသည်။

ကိုယ်တိုင် အမှန်တရားကို မြတ်နိုးတန်ဖိုးထားသူ၊ အမှန်တရားအတွက် ရပ်တည်ဆောင်ရွက်လိုသူ၊ မိမိပတ်ဝန်းကျင်ကို တတ်စွမ်းသမျှ အကျိုးပြုလိုသူတိုင်းအတွက် မသိမဖြစ်သိသင့်သည်မှာ ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖြစ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃(က) – အဂတိလိုက်စားမှု ဆိုသည်မှာ အောက်ပါတို့ကို ဆိုလိုသည်–

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

> **“ အဂတိလိုက်စားမှုဆိုသည့်အဓိပ္ပာယ်ကို ဥပဒေနှင့်အညီ သိသင့်သိထိုက်သလောက် သိရှိထားပြီး မိမိရှေ့တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်တစ်ခုသည် အဂတိလိုက်စားမှု ဟုတ်၊ မဟုတ် ဆိုသည်ကို ကိုယ်ပိုင်အသိဖြင့် ပိုင်းခြားသိမြင်နိုင်ရေးအတွက် မိမိနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအကြောင်းကို သိရှိထားရန် လိုသည်။ အဂတိလိုက်စားမှုများကို ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တွင်လည်း သတင်းပေးဖော်ထုတ် တိုင်ကြားနိုင်ရေးအတွက် သတင်းပေးပို့တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့်တိုင်ကြားရာတွင် မည်သည့်အချက်များ ပါဝင်ရမည်ဆိုသည့် အချက်များကိုလည်း ဂဃနဏ သိရှိထားရန်လို ”**

(၂) မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင် ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကိုဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း ဖြစ်သည်။

### တိုင်ကြားရာတွင် သတိယှဉ်

အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကို လေ့လာသိရှိပြီးသည့်အခါတွင် မိမိအနေဖြင့် အဂတိလိုက်စားမှုများကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် ခေါင်းငုံ့မခံလိုဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ဥပဒေနှင့်အညီ တိုင်ကြားတတ်ရန်လည်း လိုအပ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ အရ “မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။” ဟု ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် မည်သူမဆို ဥပဒေနှင့်အညီ အမှန်တရား ဘက်တော်သားအဖြစ် ရပ်တည်နိုင်ခွင့် ရရှိပြီးဖြစ်သည်။

သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၂(ခ)အရ ကော်မရှင်အနေဖြင့် “တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်းစုံစမ်းရာတွင်လည်း ခိုင်လုံသည့် သက်သေခံချက်မရရှိခြင်း” စသည့် ကိစ္စများကို စုံစမ်းစစ်ဆေးခြင်း မပြုရဟု ပြဋ္ဌာန်းထားသည်။ ထို့အတွက်ကြောင့် ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့် အချက်များကို နေ့စဉ်ထုတ်သတင်းစာများ အပါအဝင် မီဒီယာများမှတစ်ဆင့် အသိပညာပေးနေသကဲ့သို့ ကော်မရှင်၏ တရားဝင် Website တွင်လည်း တင်ပြထားသည်ကိုတွေ့ရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၄ အရ မည်သူမဆို သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များ ပေးပို့နိုင်သော်လည်း အောက်ဖော်ပြပါအချက်များကို သတိပြုရမည်ဖြစ်သည်–

(က) တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမဟုတ်ဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်၊

(ခ) တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်ပါဝင်ရမည်၊

(ဂ) အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်၊

(ဃ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### ထူးခြားချက်များ

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၇ (ဈ) အရ “အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းတစ်ရပ်ရပ်ကို သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်ပြီး” ပုဒ်မ ၂၁ (ဃ) အရ “အဂတိလိုက်စားမှုဖြစ်နေကြောင်း ကျော်စောသတင်းဖြစ်ပေါ်နေခြင်း”ကို ကော်မရှင်အနေဖြင့် တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်းပြုနိုင်သည်။ သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃ (ဂ) အရ “ကျော်စောသတင်း ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန် အကြောင်းပေါ်ပေါက်သော သတင်းကို ဆိုသည်” ဟု ပြဋ္ဌာန်းထားပြီးဖြစ်ရာ အရပ်ထဲတွင် ဖြစ်ပေါ်နေသောသတင်းတိုင်းသည် ကျော်စောသတင်း ဖြစ်နိုင်ခြင်းမရှိသည်ကိုလည်း ပြည်သူများ လေ့လာသိရှိထားနိုင်ရေး တင်ပြခြင်းဖြစ်သည်။

### နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ

ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဆိုသည်မှာ လွယ်ကူသည့်အလုပ်မဟုတ်ပေ။ ဥပဒေပညာရှင်များက အဘက်ဘက်မှ ချိန်ဆုံသုံးသပ်ပြီးမှသာ အတည်ပြုပြဋ္ဌာန်းဆောင်ရွက်ရခြင်းမျိုး ဖြစ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို လေ့လာကြည့်သည့်အခါတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်နေသည်ကို တွေ့ရသည်။ ဥပဒေပုဒ်မ ၂၄ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် “စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ၊ စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ၊ စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူ၊ စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူ”တို့ မပါဝင်ရဟု ပြဋ္ဌာန်းထားသည်။ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးခြင်း မပြုမီကပင် စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရမည့်သူများအနေဖြင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုများက အစပြု၍ အကျိုးစီးပွား ပဋိပက္ခများ ပါဝင်လာခြင်းမရှိအောင် ဥပဒေအရ တားမြစ်ထားခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းလိုက်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သမာသမတ်ကျစွာဆောင်ရွက်မည်ကို ထောက်ပြနေသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၆ တွင် “စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်” ဟု ပြဋ္ဌာန်းထားသည်။ စွပ်စွဲခံရသူမည်သူမဆို မိမိအနေဖြင့် ဥပဒေနှင့်မညီသော အဂတိလိုက်စားမှုကို ကျူးလွန်ထားခြင်းမရှိသည်မှာ သေချာပါက ခိုင်လုံသည့် သက်သေများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ခွင့် အခွင့်အရေးကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ ပေးအပ်ထားခြင်းဖြစ်သည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင်လည်း ဥပဒေပုဒ် ၅၃ (ခ) အရ “ငွေကြေးနှင့်ပစ္စည်းများသည် ဥပဒေနှင့်ညီညွတ်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း လုပ်ပိုင်ခွင့်အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများကို ယင်းအား ပြန်လည်ပေးအပ်ရမည်” ဟု ပြဋ္ဌာန်းထားသဖြင့် စွပ်စွဲခံရသူအနေဖြင့် ရသင့်ရထိုက်သော

*စာမျက်နှာ ၁၁ သို့*

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းမှ စတင်ကာ မလိကျွန်း၊ တိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၄၉၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၅၇ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်ငါးလုံးပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့များက ဇန်နဝါရီ ၁၅ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ငါးလုံးပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းများကြောင့် အဆိုပါ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက် ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံပြည်သူအချို့ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားနေသည့် သတင်းများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ခရမ်းမြို့နယ် အထက်ခမက်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက်ခမက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်သာသီရိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အင်္ဂပူမြို့နယ်အတွင်း လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**အင်္ဂပူ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံး၊ ငွေရင်း) ရန်ပုံငွေကျပ်သန်း ၂၃၉ ဒသမ ၈၀၀ ဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပဆင-ဆုံကုန်း- ထန်းပင်ကန်လမ်း၊ လမ်းအရှည် (၀/၃.၆၈) မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပရီမီယာလိဂ်ပွဲစဉ် ၂၁ တွင် မန်ယူက ဒီယယ်လို၏ ဟက်ထရစ်သွင်းဂိုးဖြင့် ဆောက်သမ်တန်ကို ဂိုးပြတ်အနိုင်ရ

ဇန်နဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲက ပရီမီယာလိဂ်ပွဲစဉ် ၂၁ အဖြစ် အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဆောက်သမ်တန်အသင်းပွဲစဉ်တွင် မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းရော ဆောက်သမ်တန်အသင်းပါ ရလဒ်ပိုင်းဆိုးရွားမှုကို ချေဖျက်ရန် အသင်းကို အကောင်းဆုံးပြင်ဆင်လာသည့်အတွက် ပွဲစသည်နှင့် တစ်ပြိုင်နက် အကြိတ်အနယ်ရှိခဲ့သည်။ မန်ယူတောင်ပံတိုက်စစ်ကစားသမား အာမက်ဒီယယ်လို အထူးခြေစွမ်း ပြသနိုင်ခဲ့ပြီး ဟက်ထရစ်ဂိုး ရယူနိုင်ခဲ့သည်။

ပွဲကစားချိန် ၄၃ မိနစ်တွင် မန်ယူ ကွင်းလယ်ကစားသမား အူဂါတေး ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့၍ ဆောက်သမ်တန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ဆောက်သမ်တန် အသင်းသည် မိနစ် ၈၀ကျော်အထိ မန်ယူအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၈၂ မိနစ် ၊ မိနစ် ၉၀ နှင့်ထပ်ဆောင်းအချိန်ပို လေးမိနစ်တွင် မန်ယူတောင်ပံကစားသမား အာမက်ဒီယယ်လို၏ ဟက်ထရစ်သွင်းဂိုးကို ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန် အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် ၂၁ ပွဲကစားပြီး ရှုံးပွဲ ၁၇ ပွဲရှိလာပြီ ဖြစ်သည်။ မန်ယူအသင်းက ၂၁ ပွဲကစားပြီး နိုင်ပွဲ ခုနစ် ပွဲရှိလာပြီဖြစ်သည်။ အခြားပွဲစဉ် ရလဒ်တွင် ခြေစွမ်း ထက်မြက်မှုရှိသည့် ဘရိုက်တန်က တန်းဆင်းဇုန်မှ အစ်ဆွစ်ကို နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**



မန်ယူတောင်ပံတိုက်စစ်ကစားသမား ဒီယယ်လို ဆောက်သမ်တန်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

## သာစည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများနှင့် နွေစပါးစံပြကွက်စိုက်ပျိုးမည့် နေရာတို့ကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**သာစည် ဇန်နဝါရီ ၁၇**

သာစည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများနှင့် နွေစပါး စံပြကွက်စိုက်ပျိုးမည့် နေရာတို့ကို ဇန်နဝါရီ ၁၆ ရက်က ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များသည် အောင်သာကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူများနှင့် တွေ့ဆုံပြီး ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆွေးနွေးကာတောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်ပြီး တောင်သူ ဦးဝင်း၏ YSR-1 မျိုးစပါး သဘာဝမြေဩဇာထည့်သွင်းအသုံးပြုခြင်းစံပြကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးပြီး ကြာဘက်ကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ရေဆင်း(၃)မျိုး ဆောင်းကုလားပဲစံပြကွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် သက်တော်ရှေလှောင်တမံ(၂)ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသူရအောင်က စိုက်ပျိုးရေပေးဝေမှုအခြေအနေများနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘိုကုန်းကျေးရွာ၌ နွေစပါး စံပြကွက်ဧက ၅၀စိုက်ပျိုးမည့်မြေဧရိယာတွင် သဘာဝမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ ဇန်နဝါရီ ၁၇**
ကရင်ပြည်နယ် ဘားအံမြို့၌ ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅)သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

ဦးစွာ ကရင်ပြည်နယ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်း မီးခိုးမြူငွေ့ လျှော့ချနိုင်ရေးနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ်တွင် ယခင်နှစ်က ဟော့စပေါ့ အရေအတွက်ထက် ၂၀ ရာခိုင်နှုန်း လျှော့ချရမည်ဖြစ်ကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး၊ 3Rs စနစ်ကိုလည်း ဝိုင်းဝန်းပူးပေါင်းဖြေရှင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးသူရက ပြည်နယ်အဆင့် ပလတ်စတစ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းတိုးရေး တောင်သူများအား ကွင်းသရုပ်ပြ

**ကျောက်ဆည် ဇန်နဝါရီ ၁၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သပြေဝန်းကျေးရွာရှိ တောင်သူ ဦးအောင်ကျော်လှိုင်၏ မိုးနှောင်းချည်မျှင်ရှည်ဝါ B31 စိုက်ခင်း၌ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြပွဲနှင့် ချည်မျှင်ရှည်ဝါအဆင့်အတန်းခွဲခြားကောက်ယူခြင်း၊ ဝယ်ယူခြင်း အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပြုလုပ်သည်။

အသိပညာပေးကွင်းသရုပ်ပြပွဲတွင် ကျောက်ဆည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မျိုး၊ သွင်းအားစုများ ပေးအပ်မှု၊



နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မိုးနှောင်းချည်မျှင်ရှည်ဝါ B31 စိုက်ခင်းတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြပွဲနှင့် ချည်မျှင်ရှည်ဝါအဆင့်အတန်း ခွဲခြားကောက်ယူခြင်း၊ ဝယ်ယူခြင်း အသိပညာပေးဆွေးနွေးပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ချည်မျှင်ရှည်ဝါ အဆင့်အတန်းခွဲခြားခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ အရည်အသွေးကောင်းဝါမှ ရရှိသော ဝါ၏အရည်အသွေးကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းဝါမှ ချည်ဆွဲအားကောင်းမွန်ခြင်း စသည်တို့ကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ခရိုင် SME အဖွဲ့က မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးမှု၊ မြေဆီလွှာကောင်းမွန်အောင် ဆောင်ရွက်ရမည့်အချက်များ၊ ပိုးမွှားကာကွယ်ရမည့်နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေကိုအကျိုးရှိစွာ အသုံးပြုရေး စသည်တို့ကို တောင်သူများအား အသိပညာပေးဆွေးနွေးသည်။

အဆိုပါချည်မျှင်ရှည်ဝါ B31 မျိုးကို နှစ်ဧကစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ပိဿာချိန် ၁၁၆၇ နှုန်း ထွက်ရှိကြောင်း၊ ယခုဈေးနှုန်းအရ ဝါသီးနှံသည် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း တောင်သူဦးအောင်ကျော်လှိုင်၏ ပြောပြချက်အရ သိရသည်။

သက်ထက်



# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) တို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကျောင်း၌ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် မောင်အောင်မြင့်မြတ်တို့ကဦးဆောင်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)ကျောင်းမှ မောင်ဝင်းကိုအောင်၊ မောင်စောဝင်းမောင်၊ မခိုင်ဆွေဇင်သန့်နှင့် မရွှေရည်ခိုင်တို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အခွင့်အလမ်း၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# သထုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သထုံ ဇန်နဝါရီ ၁၇**
မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမွေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-11နှင့် Grade-10 ကျောင်းသား ကျောင်းသူ လေးဦးတို့က



လူငယ်နှင့် အားကစား၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ အနှစ်သက်ဆုံးစာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် မျှဝေဆွေးနွေးကြရာ အစီအစဉ် တင်ဆက်သူက ပြန်လည် ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ**

# မြစ်ကြီးနားမြို့၌ ထုတ်လုပ်မှုနည်းပညာ လွှဲပြောင်းခြင်း သင်တန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၇**
ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဒေသထွက် တစ်သျှူးငှက်ပျောပိုင်နှင့် ဂရိတ်ဖရုပိုင် ထုတ်လုပ်မှုနည်းပညာလွှဲပြောင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းကို ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ငှက်ပျောပိုင်နှင့် ဂရိတ်ဖရုပိုင် ထုတ်လုပ်မှုနည်းပညာများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အမေရိကန် ကုန်ပစ္စည်းများအပေါ် လက်တုံ့ပြန် အခွန်စည်းကြပ်မှုပြုလုပ်ရန် ကနေဒါပြင်ဆင်

**အော့တဝါ ဇန်နဝါရီ ၁၇**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်က ၎င်း၏ကတိအတိုင်း ကနေဒါ ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှု ၂၅ ရာခိုင်နှုန်းပြုလုပ်ပါက ကနေဒါနိုင်ငံသည်လည်း လက်တုံ့ပြန် အခွန်စည်းကြပ်မှု ပြုလုပ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။



ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်ရှိ ကုန်စုံဆိုင်တစ်ခုတွင် ဈေးဝယ်သူများကို တွေ့ရစဉ်။

ကနေဒါဒေါ်လာ ၁၅၀ ဘီလီယံ တန်ကြေးရှိ အမေရိကန် ကုန်ပစ္စည်းအပေါ် အခွန်စည်းကြပ်မှု သက်ရောက်မှုရှိမည်။ အဆိုပါ ပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၄ ဘီလီယံရှိပြီး ကနေဒါ၏ အိမ်နီးချင်းနိုင်ငံဆီက တင်သွင်းမှု၏ သုံးပုံတစ်ပုံနှင့် ညီမျှသည်။

အခွန်စည်းကြပ်မှု ပြုလုပ်နိုင်ခြေရှိသည့် အမေရိကန် ကုန်ပစ္စည်းစာရင်းအကြမ်းကို ကနေဒါက စာရင်းပြုစုထားသည်ဟု မီဒီယာတွင် ဖော်ပြထားသည်။

အမေရိကန်၏ လှုပ်ရှားမှုအပေါ်မူတည်၍ နောက်ထပ် ခြေလှမ်းများကို စဉ်းစားသွားမည်ဟု ကနေဒါအစိုးရက ပြောသည်။

ကနေဒါနိုင်ငံသည် အမေရိကန်ပြည်နယ် ၃၆ ခု၏ အကြီးဆုံး ဖောက်သည်ဖြစ်သည်ဟု ကနေဒါ နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး မယ်ရီအင်းက အမေရိကန် စီးပွားရေးရုပ်သံလိုင်း စီအင်န်ဘီစီသို့ ပြောကြားခဲ့သည်။

ကနေဒါအပေါ် အခွန်စည်းကြပ်ခြင်းသည် အမေရိကန် မိသားစုများ၊ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ် ပိုမိုများပြားမည်ဟု ၎င်းကဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

## ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ လူမှုကွန်ရက်မီဒီယာ X အသုံးပြုမှုရပ်နားမည်

**ပါရီ ဇန်နဝါရီ ၁၇**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ ယခင်က တွစ်တာဟုခေါ်သည့် X အသုံးပြုမှုကို ရပ်နားသွားမည်ဖြစ်ကြောင်း ပါရီမြို့က ဆိုသည်။



ပြင်သစ်နိုင်ငံ ပါရီမြို့ကို တွေ့မြင်ရစဉ်။

လူမှုကွန်ရက် မီဒီယာပလက်ဖောင်း X က တမင်ဖန်တီးထားသည့် မမှန်သတင်းများနှင့် ပြင်းထန်သောမှတ်ချက်များကို ပျံ့နှံ့ရန် ကူညီပေးနေမှုနှင့် ပတ်သက်၍ ကိုးကား ဖော်ပြထားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ပြင်သစ်မြို့သည် ဇန်နဝါရီ ၂၀ ရက်တွင် လူမှုကွန်ရက်မီဒီယာ X ပလက်ဖောင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း၊ ၎င်းအကောင့်ကို ၂၀၀၉ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ဖော်လိုဝါ ၂ ဒသမ ၂ သန်းကျော်ရှိကြောင်း ဇန်နဝါရီ ၁၆ ရက်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၁၀ ရက်က ဂျာမနီနှင့် သြစတြီးယားနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်း ၆၀ ကျော်သည် လူမှုကွန်ရက်မီဒီယာ X အသုံးပြုမှု ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ

## ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ ခုနစ်ဦးရှိ

**လူဆာကာ ဇန်နဝါရီ ၁၇**

ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူသစ် သုံးဦးအတည်ပြု တွေ့ရှိသဖြင့် အဆိုပါရောဂါကူးစက်ဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦး ရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၆ ရက်အတွင်း မြို့တော်လူဆာကာ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ နှစ်ဦးရှိပြီး ကော့ပါးဘက်ပြည်နယ်တွင် ရောဂါဖြစ်ပွားသူ တစ်ဦးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီး အလီဂျိုမူချီမာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဝန်ကြီးဌာနသည် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ရောဂါဖြစ်ပွားရာဒေသများတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးက ပြောကြားသည်။ ဇမ်ဘီယာနိုင်ငံ၌ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ပထမဆုံး မျောက်ကျောက်ရောဂါဖြစ်ပွားသူကို တွေ့ရှိခဲ့ကြောင်း၊ ပထမဆုံးရောဂါဖြစ်ပွားသူမှာ နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် တန်ဇန်းနီးယားနိုင်ငံသားတစ်ဦးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## အမေရိကန်ရှိ စာသင်ကျောင်းများ၌ ဖုန်းအသုံးပြုခြင်း ပိတ်ပင်မှုရေပန်းစားလာ

**နယူးယောက် ဇန်နဝါရီ ၁၇**

ကျောင်းချိန်အတွင်း ကျောင်းသားများ ဖုန်းအသုံးပြုခွင့်ပိတ်ပင်ရန် လိုအပ်သည်ဟူသော အယူအဆကို အမေရိကန်ရှိ ပြည်နယ်အများအပြားတွင် ရေပန်းစားလာသည်။

ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါ၊ အင်ဒီရာနာ၊ လူဝီစီယားနား၊ မင်နီဆိုးတား၊ အိုဟိုင်းယိုး၊ တောင်ကာရိုလိုင်းနားနှင့် ဗာဂျီးနီးယား ပြည်နယ်တို့တွင် အဆိုပါအယူအဆကို လက်ခံစဉ်းစားလာကြသည်။

**စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိ**

ကလေးများ ဖုန်းကြည့်ချိန်များခြင်းကြောင့် စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိပြီး အာရုံထွေပြားမှုကိုဖြစ်စေသည်ဟု ဆရာများထံမှ တိုင်ကြားမှုများကြောင့် ကျောင်းချိန်အတွင်း ဖုန်းအသုံးပြုခွင့်ပိတ်ပင်ရန် တွန်းအားဖြစ်လာခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်စာသင်ကျောင်းများ၏ ၇၇ ရာခိုင်နှုန်းသည် သင်ကြားရေးအတွက်မဟုတ်လျှင် ကျောင်းချိန်အတွင်း ဖုန်းအသုံးပြုခွင့်ကို ပိတ်ပင်ထားကြောင်း အမျိုးသားပညာရေးစာရင်းအင်းစင်တာ၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန် အနောက်ပိုင်း၌ စက်ရုံပေါင်း ၁၆၅ ရုံ တည်ထောင်

**ကဘူးလ် ဇန်နဝါရီ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်မြို့၌ လွန်ခဲ့သောငါးလအတွင်း အသေးစားနှင့်အကြီးစား စက်လုပ်ငန်းပေါင်း ၁၆၅ ရုံ စတင်တည်ထောင်ခဲ့ကြောင်း နိုင်ငံပိုင် ဘာခ်ထာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အစားအသောက်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်ရေး၊ ဓာတုနှင့်အခြားသောပစ္စည်းများအပါအဝင် နယ်ပယ်အသီးသီးအတွက် စက်ရုံများတည်ထောင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော့ဗ်ဟီမိုဟာမက် ယူဆက်ဖ် ဆေယာဒီက ပြောသည်။

**စက်ရုံများက အလုပ်အကိုင်အခွင့်အလမ်းများပေး**

ဟီရတ်ပြည်နယ်၌ စက်ရုံပေါင်း ၁၁၆၃ ခု ရှိသည်။ အဆိုပါဒေသရှိ ထောင်နှင့်ချီသည့် ဒေသခံများအတွက် အဆိုပါစက်ရုံများက အလုပ်အကိုင်အခွင့်အလမ်းများ ပေးလျက်ရှိသည်။

**စက်မှုလုပ်ငန်းများ အားကောင်းလာစေရန် ဆောင်ရွက်**

အာဖဂန်အိမ်စောင့်အစိုးရသည် စီးပွားရေးစိန်ခေါ်မှုများ ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်အတွက် နိုင်ငံတစ်ဝန်း စက်မှုလုပ်ငန်းများ အားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## ယူဂန္ဓာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားသူ ၆၇ ဦး ရှိလာ

**ကမ်ပါလာ ဇန်နဝါရီ ၁၇**

ယူဂန္ဓာနိုင်ငံ မြောက်ပိုင်း၌ ဇန်နဝါရီ ၇ ရက်က ကာလဝမ်းရောဂါဖြစ်ပွားမှုကို ကြေညာခဲ့ပြီး ယခုအခါ ရောဂါဖြစ်ပွားသူအရေအတွက်မှာ ၆၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

**ရောဂါကြောင့် တစ်ဦးသေဆုံး**

ကာလဝမ်းရောဂါဖြစ်ပွားသူ ၆၇ ဦးမှာ ယူဂန္ဓာနိုင်ငံ မြောက်ပိုင်း လမ်ဝိုနယ်စပ်ခရိုင်မှဖြစ်ကြောင်း၊ အဆိုပါရောဂါကြောင့် တစ်ဦးသေဆုံးပြီး ၂၁ ဦးမှာ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း၊ အခြားသူများမှာ ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းသွားပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဒန်နီယယ်ခဲဝေဘင်ဇီက ပြောကြားသည်။

**အိမ်နီးချင်းနိုင်ငံများထံမှ ကူးစက်သည်ဟု သံသယရှိ**

ယူဂန္ဓာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားရခြင်းသည် အိမ်နီးချင်းနိုင်ငံများထံမှ နိုင်ငံအတွင်းဝင်ရောက်မှုမှ ကူးစက်ဖြစ်ပွားသည်ဟု သံသယရှိကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

## ဖောင်ရိုးဆိပ်ကျေးရွာ ကွန်ကရစ်တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှု

**ကျိုက်လတ် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ဖောင်ရိုးဆိပ်ကျေးရွာ ကွန်ကရစ်တံတား ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းအား ဇန်နဝါရီ ၁၅ ရက်က တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများအား ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါ ဖောင်ရိုးဆိပ်ကျေးရွာ ကွန်ကရစ်တံတား ချဉ်းကပ်လမ်း တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဇန်နဝါရီ ၁၇ ရက်က ကြည့်မြင်တိုင် တစ်ဖက်ကမ်း ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးကျော်သူက ပန်းခင်းစီမံချက်အကြောင်းအရာများ၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများနှင့် မပျောက်မပျက်အောင် စနစ်တကျထိန်းသိမ်းရန်လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား လိုအပ်သော သက်သေခံ



အထောက်အထားများနှင့် စာရွက်စာတမ်းများစိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## သံဖြူဇရပ် နှစ် (၁၅၀) ပြည့်ပွဲတော်ကျင်းပရေး ရန်ပုံငွေစာရင်းချပြရှင်းလင်း

**သံဖြူဇရပ် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် (သံဖြူဇရပ် နှစ်-၁၅၀)ပြည့်ပွဲတော်ကျင်းပရေး ရန်ပုံငွေစာရင်း ရှင်းလင်းချပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က သံဖြူဇရပ် နှစ်(၁၅၀) ပြည့်ပွဲတော်ကျင်းပရေး ရန်ပုံငွေများသုံးစွဲမှုစာရင်းများ ချပြရှင်းလင်းပြီး ရန်ပုံငွေမှ အသုံးစရိတ်ပိုလျှံငွေများကို လှူဒါန်းမှုပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းပွဲပြုလုပ်ရာ သံဖြူဇရပ်မြို့နယ် သာသနာ့ဗိမာန် တည်ဆောက်နိုင်ရေးအတွက် ကျပ်သိန်း ၅၅၀၊ သံဖြူဇရပ်မြို့နယ် ဘိုးဘွားရိပ်သာသို့ ဆေးပဒေသာပင် လှူဒါန်းငွေကျပ် ၁၀ သိန်း၊ သံဖြူဇရပ်မြို့ ရေပေးဝေရေးအသင်းအား လှူဒါန်းငွေကျပ် ၁၀ သိန်း၊ အထက(၁) ဘက်စုံအသုံးပြုနိုင်ရန်အတွက် အလှူငွေ ကျပ် ၁၀ သိန်း၊ သံဖြူဇရပ် နှစ် (၁၅၀) ပြည့်ကျင်းပခဲ့မှု မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ရေး ငွေကျပ်သိန်း ၂၀ စုစုပေါင်း ကျပ်သိန်း ၆၀၀ အားပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် အကြိမ် (၂၀)မြောက် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) ကကြီးမှူး၍ ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ (ကျွမ်းကျင်အဆင့်) နှင့် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ (အငယ်တန်းအဆင့်) တို့ကို ကျင်းပမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ (Japanese Literature Translation Contest) သည် ဂျပန်စာပေဘာသာပြန်သူများ ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်ပြီး ဂျပန်ခေတ်ပြိုင်စာပေများကို မြန်မာဘာသာသို့ ပြန်ဆိုရမည့် ဘာသာပြန်ပြိုင်ပွဲဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ယခင်နှစ်များနှင့်မတူ ယခုနှစ်တွင် ကျင်းပမည့် ဘာသာပြန်ပြိုင်ပွဲကို Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား N3 အဆင့်ရှိသည့် ဂျပန်စာလေ့လာနေသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အငယ်တန်းအဆင့်ပြိုင်ပွဲကို Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။

ပါဝင်လိုသူများသည် Google form link URL: https://forms.gle/65qVKDjKGG-MpdzJE8 တွင် ဖြည့်စွက်လျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) ဖုန်း ၀၉၄၂၈၆၁၂၁၅၁၊ ၀၉၂၆၂၆၀၂၁၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

### တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၇** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



## အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်း

**ပုသိမ် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပုသိမ်)၌ ပြုလုပ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများ ချီးမြှင့်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင်အကျုံးဝင်မှတ်ပုံတင်ထားသော ဝမ်ဟီးအထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမားသုံးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ဝမ်ဟီးအထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်သက်သက်လှိုင်၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဦးအား လည်းကောင်း၊ ဒေါ်သင်းစန္ဒာထွန်း၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးထွန်းထွန်းဝင်းအား လည်းကောင်း၊ ဒေါ်ကေဖြူခိုင်၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးကျော်ဆွေဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**



# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်၌ တရားမဝင် အခြားသစ် (၆ ဒသမ ၈၂၀)တန် **ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၁၈၈** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် မီးလောင်ကုန်းကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် (၀ ဒသမ ၈၈၂)တန်၊ သစ်မာ (၁ ဒသမ ၈၁၀) တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၂၈၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၂၀၄၇၈)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၃၄၀၈၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၂၉၀၈၈၃)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၃၈၅၂၁၆၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး စုစုပေါင်း



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် တန်(၂ ဒသမ ၂၅၀)၊ အခြားသစ် (၁ ဒသမ ၀၄၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၉၀၈) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၇၇၉၀၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် စိုင်ကျကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် ၈၁၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် မင်းလှကျင်းကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် ၅၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် "ဓွဲ"တံဆိပ်ပါ အနီရောင် ထွန်စက်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၂၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောက်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၆၀၅၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ISUZU GIGA Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၆၀၅၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၂၉၉၂၈၆၇၇)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီမြို့နယ်၌ လျှပ်စစ်ရေနွေးအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ဇန်နဝါရီ ၁၅ ရက်က လျှပ်စစ်ရေနွေးအိုး အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် မြဝတီမြို့နယ် (၃) ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်/ ရေသယ်ယာဉ် ရှစ်စီးဖြင့် သွားရောက်ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကာ ၁ နာရီ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါရပ်ကွက်ရှိ လူနေ တန်းလျားတွင် ငှားရမ်းနေထိုင်သည့် အေးပုံ (၃၉ နှစ်) သည် အခန်းအတွင်း လျှပ်စစ်ရေနွေးအိုး အသုံးပြုရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ခဲ့ခြင်း ဖြစ်ပြီး မီးလောင်မှုကြောင့် တန်းလျားအခန်းနှင့် နေအိမ်လေးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် အေးပုံအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ဖြူးမြို့နယ်၌ ၂၂ ဘီးယာဉ်မှ စက်ဘီးဖြင့် လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိ၍ နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ဇန်နဝါရီ ၁၅ ရက်က ၂၂ ဘီးယာဉ်မှ စက်ဘီးဖြင့် လမ်းဖြတ်ကူးသူအား ဝင်ရောက်တိုက်မိ၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ဖြူးမြို့နယ် ကာစီပူကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၁၂၁ မိုင် ၇ ဖာလုံနှင့် ၁၂၂ မိုင် အကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်ပင်သာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးလမ်းအတိုင်း ဖြူးမြို့မှ ညောင်ပင်သာမြို့ဘက်သို့ ဆားလင်းကြီးမြို့နယ် တဲကြီးကျေးရွာနေ အောင်ကျော်စိုးမင်း (၄၀ နှစ်) မောင်းနှင်ပြီး ဇနီးဖြစ်သူ မနှင်းဝေလင်း(၂၉ နှစ်) လိုက်ပါလာသည့် YGN 1M/xxxx NISSAN DIESEL CK 4828၊ နောက်တွဲအမှတ် 2 TLR-8350 ၂၂ ဘီးယာဉ်သည် လမ်း၏အရှေ့ဘက်မှ အနောက်ဘက်သို့ စက်ဘီးစီးနင်းကာ လမ်းဖြတ်ကူးသည့် မြသမ္မဂ ကျေးရွာနေ ချိုတေး(၁၁ နှစ်) စီးနင်းပြီး အနောက်မှ ညီဖြစ်သူ စူရတ်(ခ)ဥက္ကာကျော်(၁၀ နှစ်)လိုက်ပါလာသည့် စက်ဘီးကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ချိုတေးနှင့် စူရတ်(ခ)ဥက္ကာကျော်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အောင်ကျော်စိုးမင်းအား ညောင်ပင်သာ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ချမ်းမြသာစည်မြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဇန်နဝါရီ ၁၆ ရက်က ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၆ ရက် ညနေ ၄ နာရီက ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်း ဆောင်ရွက်နေစဉ် ချမ်းမြသာစည်တောင်ရပ်ကွက် ရန်ကုန် - မန္တလေးသွားကားလမ်းနှင့် ရန်ကုန်-မန္တလေးသွားသံလမ်းကြားအရောက် အဆိုပါရပ်ကွက်နေ မင်းခန့်ကျော် (ခ) သားကြီး (၂၁ နှစ်) အား အရိုး/အသွား ၁၁ လက်မခွဲခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မင်းခန့်ကျော် (ခ) သားကြီးအား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## MNL ပြိုင်ပွဲတွင် Dagon Port အသင်း အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ဇန်နဝါရီ ၁၇ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ Dagon Port အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

Dagon Port အသင်းသည် နောက်မှလိုက်ကစားကာ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ဇယားအလယ်ပိုင်းသို့ရောက်ရှိရေး မျှော်လင့်ချက် နီးစပ်လာခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရသလို သရေကျပြီးနောက်ပိုင်းတွင်လည်း ရမှတ်မယူနိုင်ခဲ့ပေ။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားသော်လည်း ၃၄ မိနစ်တွင် အာကာကျော်၏သွင်းဂိုးဖြင့် မဟာယူနိုက်တက်အသင်းက ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ၅၄ မိနစ်တွင် တိုးဆက်နိုင်ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် Dagon Port အသင်း ချေပဂိုးရခဲ့ပြီး ၇၄ မိနစ်တွင် မိုဂူက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ သို့သော် သုံးမိနစ်အကြာတွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေကျပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် လရောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ မျိုးဆက်ပိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀၊ Dagon Port အသင်းက ၁၆ ပွဲကစား ၁၅ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၆) ဒုတိယနေ့ကို ဇန်နဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# မိုးနဲ-ကုန်းလုံ-လွိုင်ယူးကာလမ်း မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုးနဲ ဇန်နဝါရီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကုန်းလွန်းကျေးရွာအုပ်စု လွိုင်ယူးကာကျေးရွာရှိ မိုးနဲ-ကုန်းလုံ - လွိုင်ယူးကာ လမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



မိုးနဲ - ကုန်းလုံ - လွိုင်ယူးကာ လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၀၆၃ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက အရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေနှင့် ထုခြောက်လက်မ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲမှ အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အဆိုပါလမ်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ လက်သမားအတတ်ပညာ ကာလတိုသင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ လက်သမားအတတ်ပညာ ကာလတိုသင်တန်း ဖွင့်ပွဲအခမ်းအနားနှင့် National Grassroots Innovation Competition ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ မြို့ပြအင်ဂျင်နီယာဌာန ဌာနမှူး ဒေါ်ဆုလာဒ်နှင်းက သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ဖွင့်လှစ်ခဲ့သည့် ကာလတိုသင်တန်းနှင့် National Grassroots Innovation Competition ပြိုင်ပွဲမှ မှတ်တမ်းဗီဒီယိုကိုပြသပြီး တာဝန်ရှိသူများက National Grassroots Innovation Competition ပြိုင်ပွဲတွင် Winner နှင့် First Runner Up ရရှိခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



အစိုးရစက်မှုလက်မှု သိပ္ပံ (တောင်ငူ)၌ လက်သမားအတတ်ပညာ ကာလတိုသင်တန်းကို ဇန်နဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့ ပို့ချသင်ကြား ပေးသွားမည်ဖြစ်ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

# ဝမ်းတွင်းမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေး မီးငြိမ်းသတ်မှုသရုပ်ပြသ

**ဝမ်းတွင်း ဇန်နဝါရီ ၁၇**

ဝမ်းတွင်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဈေးများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ဦးဆောင်၍ ဝမ်းတွင်းဈေး၊ သဲတောဈေးအတွင်းရှိ ဈေးသူ ဈေးသားများနှင့် ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါဈေးများ၌ ပြုလုပ်သည်။



သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးထွန်းက မီးလောင်မှုအကြောင်းရင်း၊ မီးလောင်မှု အမျိုးအစားများ၊ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးငြိမ်းသတ်ခြင်း၊ ဂက်စ်မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြကာ ဈေးသူ ဈေးသားများကိုယ်တိုင် မီးငြိမ်းသတ်နိုင်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်စေခြင်း၊ မီးသတ်ပိုက်အသုံးပြု၍ မီးငြိမ်းသတ်စေခြင်းလုပ်ငန်းများကို လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အမှုဆောင်အရာရှိတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး Talk Show ကျင်းပ

**မကွေး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး Talk Show ကို ယနေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်သီရိအောင်တို့က မီးခိုးမြူငွေ့၏ အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ မီးခိုး




မြူငွေ့ညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုနှင့် အခြားသောဆိုးကျိုးသက်ရောက်မှုများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# မက်မန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မက်မန်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ယမန်နေ့က မက်မန်းမြို့နယ် မန်ဝိန်းအုပ်စု ကွန်ဟောင်းကြီးကျေးရွာသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မက်မန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိဌာနတစ်ခုချင်းစီမှ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကွန်ဟောင်းကြီးကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရပ်ရွာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ ကျန်းမာရေးနှင့် ပညာရေးအစရှိသော ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးဟောပြောကြသည်။

ထို့နောက် မန်ဝိန်းအုပ်စု ကွန်ဟောင်းကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း၊ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေးခြင်း၊ မန်ဝိန်းတံတားဆောက်လုပ်နေမှုအခြေအနေနှင့် လွယ်ဟိုလာသစ်တောကြိုးဝိုင်း အခြေအနေကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ဦးဆောင်သည့်အဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တီတီ(မက်မန်း)**



# မြို့သစ်မြို့နယ်၌ အသေးစားနှင့် အလတ်စား စက်မှု၊ လက်မှု လုပ်ငန်းများ မီးဘေးလုံခြုံရေး စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှု၊ လက်မှုလုပ်ငန်းများ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်(FSC) ရယူဆောင်ရွက်ထားခြင်း ရှိ/မရှိ အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝေလင်းကျော်နှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုဇော် (ပြန်/ဆက်)**

## ပညာသင်ကြေးပေးအပ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက်ပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ပညာသင်ကြေးပေးအပ်ခြင်းနှင့် ဒုတိယနှစ်ကျောင်းသား ကျောင်းသူများအား အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက် အခမ်းအနားကို သက်မွေးပညာသင်တန်းကျောင်း ခန်းမ(ရာမညဆောင်)၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်က အမှာစကားပြောကြားပြီး ပညာသင်ကြေးများ ပေးအပ်ရာ ကျောင်းသားတစ်ဦးက လက်ခံယူသည်။

ဆက်လက်ပြီး မွန်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများက မိမိတို့ လုပ်ငန်းခွင်အလိုက် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို မိတ်ဆက်ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက သင်ကြားတတ်မြောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား တစ်ဦးအား ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာဟုန်ပေါင်မှ အာမခံအလုပ်သမား ဦးထူးဝေဖြိုးသည် အလုပ်တာဝန်ထမ်းဆောင်ပြီးအပြန် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းကို အစ်ကိုဖြစ်သူ ဦးအောင်ဇင်ဖြိုးထံသို့ ငွေကျပ် ၄၅၀၀၀၀၀ ထုတ်ပေးခြင်းကို အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ နို့စားနွားမွေးမြူရေး ချေးငွေများပေးအပ်ပွဲ ကျင်းပ



**မိတ္ထီလာ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စု သဲကုန်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းထံသို့ မြို့နယ်သမဝါယမဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နို့စားနွား မွေးမြူရေးလုပ်ငန်း လျာထားချက်အပေါ်တိုးချဲ့ မွေးမြူနိုင်ရေးအတွက် ချေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် သဲကုန်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း တာဝန်ရှိသူများထံသို့ ဖရီရှန်နို့စားနွား ၂၂ ကောင်မွေးမြူရန် ငွေကျပ်သိန်း ၄၄၀၊ နွားခြံဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၂၀ နှင့် နွားစာစရိတ် ငွေကျပ် ၃၂ သိန်း စုစုပေါင်းငွေကျပ် ၅၉၂ သိန်းကို မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုး၊ မြို့နယ်သမဝါယမဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အမှုဆောင်များက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဓနုဖြူမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြ

**ဓနုဖြူ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၆ရက်က အခြေခံပညာအထက်တန်းကျောင်း(အလမျိုး)၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနောင်နောင်က မီးဘေးလုံခြုံရေးအတွက် ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားစေနိုင်သောအချက်များ၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးဟောပြောကာ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် ဆီမီးလောင်မှုကို လက်တွေ့ငြိမ်းသတ် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## လပွတ္တာခရိုင်၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်းပို့ချ

**လပွတ္တာ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းကို လပွတ္တာ ၃ မိုင်မြို့သစ်ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၆ရက်မှစ၍ သင်ကြားပို့ချလျက်ရှိသည်။



ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ထုတ်ကုန်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဇန်နဝါရီ ၆ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါသင်တန်းကို လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်း မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဖြင့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ ကြိုးချည်နည်း၊ ရေတွင် အသက်ကယ်ဆယ်နည်း၊ မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးနည်းစနစ်၊ ရှဥ့်ကူးနည်းစနစ်၊ နှစ်ယောက်တွဲ ကြိုးဆင်းခြင်း၊ ဇောက်ထိုးဆင်းခြင်းနှင့် ခုန်ဆင်းနည်းစနစ်များ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး



**မြောင်းမြ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မီးဘေးလုံခြုံရေးအတွက် မြောင်းမြ ခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၆ ရက်က အမှတ် (၉) ရပ်ကွက် အမျိုးသားဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အမျိုးသားဈေးအတွင်းရှိ ဈေးဆိုင်၊ ဈေးခန်းများကို မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိမရှိ စစ်ဆေးခြင်း၊ ရေလှောင်ကန်နှင့် အပေါ့စားမီးသတ်စက်များ အရန်သင့်ပြင်ဆင်ဆောင်ရွက်ထားရှိရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၀၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၀၀ | - | ၃၀၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၀၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၃၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၃၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဖက်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၁၇ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၂၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ၁၇ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၁၀၀ | ၅၇၃ | ၄၅၈၅၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၉၃၀ | ၂၉၃၁၈၅၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၂ | ၁၇၀၀၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၅၂၉ | ၁၀၀၅၁၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၅၀၃ | ၂၅၁၉၉၅၀ |
| AMATA | ၄၁၀၀ | ၄၁၀၀ | ၂ | ၈၂၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၁၁၃ | ၃၆၇၂၅၀ |
| MADPL (PLB) | ၃၀၅၀ | ၃၀၅၀ | ၁၅၀၀ | ၄၅၇၅၀၀၀ |

## စဉ့်ကိုင်မြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ကျေးလက်လမ်းပြုပြင်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

စဉ့်ကိုင် ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရသာ-နန်းနီ-အုန်းလက်ကောက်လမ်း (၄/၄)မိုင်အနက် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စား၍ပျက်စီးခဲ့သည့် လမ်းပိုင်း(၀/၄)မိုင်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု (ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေကျပ် သန်း ၁၈ ဒသမ ၆၀ ဖြင့် ဌာနမှ ဂျင်းခင်းပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇန်နဝါရီ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့်အတူ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံ ဒေါ်အိဇာထွေးတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ဝင်းဝင်းသန်း(စဉ့်ကိုင်)



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

၁။ ဦးမိုးဇော်လွင် နှင့် ဦးသောင်းရွှေ
၂။ ဒေါ်ကေရီမောင်မောင်

(တရားလိုများ) (တရားပြိုင်)

အမှတ်(မရှိ)၊ ယုဇနလမ်း၊ ရဲစုတောင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသောင်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ၁။ ဦးမိုးဇော်လွင်၊ ၂။ ဒေါ်ကေရီမောင်မောင်တို့က **"ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလကွယ် ၁၅ ရက်) မွန်းတည့်မီ (၁၁) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ့လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်သဇင်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြသော ဦးမင်းချစ်သူ (ဘ) ဦးခင်ဇော် ၈/မကန(နိုင်) ၃၀၂၅၃၂နှင့် မခိုင်မျိုးဝေ (ဘ)ဦးသိန်းဝင်း ၈/မကန(နိုင်)၂၆၀၃၃၁တို့သည် (၁၄-၁-၂၀၂၅)ရက်တွင် အသိသက်သေတို့၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး အကြင်လင်မယားအဖြစ်မှကွာရှင်းခြင်း နှစ်ဦးသဘောတူ ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသဖြင့် ဦးမင်းချစ်သူနှင့် ဒေါ်ခိုင်မျိုးဝေတို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းချစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၈၉)**
**အမှတ်(၇၆၉)၊ အောင်မေတ္တာ(င)၊ (၁၂)လမ်း၊ မကွေးမြို့၊**
**ဖုန်း-၀၉-၂၅၈၅၁၅၉၅၈**

## ဒေါ်ဝေဝေနှင်းနှင့် အများပြည်သူသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(စီ)ရပ်ကွက်၊ (၂)လမ်းနေ ကျွန်တော် ဦးဝေယံရဲရင့်နှင့်ဒေါ်ဝေဝေနှင်း ၈/မတန(နိုင်)၀၅၇၀၂၅ (ဘ) ဦးခင်ဝင်းတို့သည် (၅-၉-၂၀၂၄)ရက်တွင် မကွေးမြို့နယ်တရားရုံးတော်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်ဝေဝေနှင်း မှ ကျွန်တော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့်လုပ်ငန်းခွင်တွင် ထိခိုက်စေရန်ရည်ရွယ်၍ အသရေပျက်စေသောစာသားများ ရေးသားကာ ဆိုရှယ်မီဒီယာတွင်ရေးသား၍ တင်လျက်ရှိသည့်အတွက် ကျွန်တော့်အနေဖြင့် လူနေမှုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်တွင် များစွာထိခိုက်နစ်နာလျက်ရှိပါသည်။ သို့ ဖြစ်ပါ၍ ဒေါ်ဝေဝေနှင်းအနေဖြင့် ကျွန်တော်၏လူနေမှုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်အား ထိခိုက်စေသော အသရေပျက်စေသောစာများ ထပ်မံရေးသားမည်ဆိုပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝေဝေနှင်း နှင့်အတူ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေယံရဲရင့်**
**၈/တကက(နိုင်) ၁၈၂၅၆၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 48W/40736, Honda 100ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/76621, Canda 110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မင်းဘူး)**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့တွင်နေထိုင်သူ ဦးအိုက်သန်း ၁၃/တကန(နိုင်)၀၂၅၄၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ ၊ ဆန်ဆိုင်း(ခ) ရပ်ကွက်/ဝမ်မိုင်၊ ကွင်းအမှတ် (၂၂)၊တော်ကော့ကွင်း၊ဦးပိုင်အမှတ်(၄၂-ခ/၁) မြေဧရိယာ(၀.၁၉၅)ဧကနှင့် ဦးပိုင်အမှတ်(၄၂-ခ/၂) မြေဧရိယာ(၀.၂၈၇) ဧကရှိမြေ(၂)ကွက်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာ ကတည်းက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအိုက်သန်းက ဥပဒေနှင့်အညီ တရားဝင်လက်ရောက်နေထိုင်ပိုင်ဆိုင်လာခဲ့ပြီး ယနေ့အထိ အထက်ပါမြေကွက်(၂)ကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ငှားရမ်းထားခြင်း၊ လွှဲပြောင်းခြင်းတို့ တစ်စုံတရာပြုလုပ်ထားခြင်းမရှိဘဲ ဦးအိုက်သန်းသာ ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင် စီမံခန့်ခွဲခွင့်ရှိသူတစ်ဦးသာ ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးအိုက်သန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးသွယ် (LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၅၀၀/၃၁-၁၂-၂၀၁၃)**
**၇/၃၃၂၊ မင်္ဂလာရွှေဆောင်လမ်း၊ နယ်မြေ(၇)၊ ရွှေတောင်ရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၃၁၂၉၄၇၊ ၀၉-၆၉၉၉၃၉၈၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၆)၊ ဦးပိုင်အမှတ်(၈၇)၊ ၆၅လမ်း၊ ၁၃၄x၁၃၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ထွေး ၉/မရတ(နိုင်) ၀၅၇၁၂၈ က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၅၈၆၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် (စ-၉)၊ ဦးပိုင်အမှတ် (၅၅-ခ)၊ ၆၅x ၆၆ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးပေါကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၈၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်အေးအေး၏ (GP ရရှိသူ ဦးမင်းသိန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၈၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေဆောင်းညွန့်(ခ)မေသင်းဦး ၁၃/ကမန(နိုင်)၀၀၀၄၈၉၈က အမှုတွဲအမှတ် (၅၈၄၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၆၊ ဦးပိုင်အမှတ်(၄၃)၊ ၄၈x၄၉ကြား၊ ခတ္တာလမ်း x ဂန္ဓာမာလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှဝင်း ၏(SP ရရှိသူ ဒေါ်လီချောင်(ခ) ဒေါ်စန်းစန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၁၂/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူဦးစိုင်းဘသန်း ၁၃/မနန(နိုင်) ၀၀၈၉၈၄က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၈၅၂/၂၀၂၄-၂၀၂၅)ဖြင့်တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၄၊ ဦးပိုင်အမှတ် (၈၅)၊ ၁၁၄လမ်း၊ ၅၃x၅၄ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးငွေ၏ (SP ရရှိသူ ဦးဟူကွမ်းဆိုင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၄၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးနေဝင်းထွန်း ၁၃/မဆတ(နိုင်)၀၇၄၁၉၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၈၅၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ အကောက် ဆိပ်အကွက်၊ ဦးပိုင်အမှတ်(၄၈-မ္မ)၊ မြေဧရိယာ(၀ဒသမ၂၈၈)ဧကအတွင်းမှ ဧရိ ယာ(၀ဒသမ ၀၃၀)ဧကရှိ မြို့မြေ(B)သည်ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွမ်းခြံလမ်းနေ ဦးသန့်ဇော်အေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်အရှေ့ပိုင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကြိုးကြာလမ်း၊ အမှတ်(၇၉၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးကျော်နိုင်စိုးနှင့် ဒေါ်ယုယုထွန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ(၂၀x၆၀) မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းရှိ အိမ်နှင့်မြေအား (၁) ဒေါ်ရီရီသန်း (၁၂/သဃက(နိုင်)၀၁၀၉၇၅)နှင့် (၂) ဒေါ်အေးဖြူလှိုင် (၁၂/သဃက(နိုင်)၀၁၂၁၇)တို့မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းပပစန္ဒာ** | **ဒေါ်ဆုဆုအောင်** |
| **LL.B.D.B.L,D.M.L,D.I.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)** | **အထက်တန်းရှေ့ နေ(စဉ်-၃၅၂၂၆)** |

**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၃၉)ဟု ခေါ်တွင်သော မြေပေါ်တွင်တည်ဆောက်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (၁၂. ၅ x ၅၀)ပေအကျယ်ရှိ ဒုတိယထပ် (၃)လွှာ (ခြေရင်းခန်း)တိုက်ခန်းနှင့် ၎င်းနှင့်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်အိရွှေစင်ဝင်း (၁၂/ဗဟန(နိုင်)၀၈၇၁၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်စုဟန် (၁၂/တတန(နိုင်)၁၅၇၇၉၁)သည် တရားဝင်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်စုဟန် (၁၂/တတန(နိုင်)၁၅၇၇၇၉၁)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြနှင်းယု (LL.B.,D.B.L.D.M.L) အထက်တန်းရှေ့နေ (စဉ်-၃၃၄၈၀)**
**တိုက်အမှတ်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊**
**မရမ်းကုန်းမြို့နယ်၊ ဖုန်း ၀၉-၇၆၇၁၉၆၂၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၂၇၇/ခ)၊(ပဉ္စမထပ်)၆လွှာ၊ အကျယ်အဝန်း(၁၈ပေ x ၅၄)ပေ ရှိတိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင် ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးနေဝင်းမြင့် ၁၂/ဥကတ(နိုင်)၁၅၅၈၂၉ နှင့် ဒေါ်ရီရီမွန် ၁၂/ဒဂတ(နိုင်)၀၁၀၃၂၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမော် ၇/ရကန(နိုင်) ၀၀၀၁၀၇က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမီမီခိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၃၆၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၁)** |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအောင်တင်ရွှေ၏သား မောင်ဇော်ဝဏ္ဏလင်း (၁၄/ရကန(နိုင်)၁၅၀၅၄၀)၏ (OWIC)ကတ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၃၄၉၅၂၅**

## အမည်ပြောင်း

(ဘ)ဦးအောင်မိုး ၁၂/မဂတ(နိုင်)၀၉၃၇၄၆၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ မကေသရီသန့်အား ယနေ့မှစ၍ မကေသရီမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကေသရီမိုး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/42159, Luojia110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းလတ် ၁၄/ဟသတ(နိုင်) ၂၄၉၇၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ ရပ်ကွက်၊ အကွက်အမှတ် ယခင် ၅၁၇၊ ယခု-ပပ-၂၁/၊ ဦးပိုင်အမှတ်(၈၁)၊ ၆၅x၆၆ကြား၊ ၁၃၅ x ၁၃၆လမ်း ကြားရှိ ဦးအောင်လင်း အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဦးရဲထွဋ်၊ ဒေါ်ဆုမွန်ထွေးတို့က တရားပြိုင် ဦးအောင်လင်း အပေါ်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၉/၂၀၂၄)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီ ရရှိသူ ဦးရဲထွဋ် ၉/မဟမ(နိုင်)၀၁၂၆၀၀၊ ဒေါ်ဆုမွန်ထွေး ၉/ပသက(နိုင်)၀၉၈၀၀၈ တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် ၁၄၆/ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ တံခွန်တိုင်ဘူတာလမ်းတောင်ဘက်ရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးအိုက်ယုန်း(ခ)အိုက်ရုံးကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်အေးဖွဲ့ TGI - ၀၈၆၂၉၅က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ-တောင်ရပ်ကွက်၊ အကွက်အမှတ် ၆၅၅၊ ဦးပိုင်အမှတ် ၅၉-ခ/၃၈x၃၉ကြား၊ ၇၇x၇၈ကြားရှိ ဒေါ်တင်စိန် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးကျော်ငြိမ်း၊ မိခင်ဒေါ်တင်စိန်၊ သား ဦးမြသိန်း၊ သားဦးဝင်းမြင့်၊ သမီး ဒေါ်ခင်မိုးကြူ တို့ကွယ်လွန်၍ ကျန်ရစ်သူသားမက်၊ မြေးမများဖြစ်ကြသော ဒေါ်စန်းရီ ၉/မရတ(နိုင်) ၀၁၉၆၈၃၊ ဒေါ် ထွေးထွေးအောင်၉/မရတ(နိုင်)၀၁၉၆၁၄၊ ဦးမြင့်သန်းထွန်း ၉/မရတ(နိုင်) ၀၁၈၀၄၃တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/48498, HONDA WAVE 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မေသူ ၁၀/မလမ(နိုင်)၃၂၃၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈သယ/၆၀၄၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်)၂၃၇၂၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ကင်ဆာဆေးဝါးများအပါအဝင်၊ Specialityဆေးဝါးများ၊ Consumables for Speciality နှင့် Dialysis သုံးဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများ၊ Consumablesများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်** – ၂၀-၁-၂၀၂၅ (တနင်္လာနေ့ )
**အချိန်** နံနက် ၁၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်** – ၃-၂-၂၀၂၅ (တနင်္လာနေ့)
**အချိန်** ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်းဆေးရုံအုပ်ကြီးရုံး၊ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့**
**ဖုန်း-၀၅၃-၂၀၂၇၃၅၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/4776 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

